“အသံ”

# တရုတ်ကွန်မြူနစ်ပါတီမူရင်းစိတ်ဖြင့်ဆက်လက်လုပ်ဆောင်

လွန်ခဲ့သော(၁)နှစ်ကျော်က (၉၅) နှစ်ပြည့် တရုတ်ကွန်မြူနစ်ပါတီတည်ထောင်ပွဲအခမ်းအနားတွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ပါတီတစ်ခုလုံးကို မူရင်းစိတ်ဓာတ်မမေ့လိုပြီး ဆက်လက်ရှေ့ဆက်လျှောက်လှမ်းနိုင်ရန် တောင်းဆိုခဲ့သည်။

လွန်ခဲ့သော(၁)လကျော်က တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ အစီရင်ခံစာထဲတွင် ပါတီဝင်အားလုံးကို မူရင်းစိတ်ဓာတ်မမေ့ရန် ထပ်မံနှိုးဆော်ခဲ့သည်။

ပြီးခဲ့သောရှေ့ရက်ပိုင်း တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံပြီးနောက် ပထမဆုံးပြည်ပသွားရောက်လေ့လာသည့်အခါ“မူရင်းစိတ်ဓာတ်”ကို ရှီကျင့်ဖျင်ကထပ်မံပြောဆိုမိပါသည်။

ကြာရှည်တည်တံ့နိုင်ရန် မည်သည့် အဖွဲ့အစည်းကိုမဆို မူရင်းစိတ်ဓာတ်ကို ဆက်လက်ခံယူလုပ်ဆောင်ရမည့် အတွေးအခေါ်ရှိရပါမည်။

တည်ထောင်စဉ်ကစပြီး တရုတ်ကွန်မြူနစ်ပါတီ၏မူရင်းစိတ်နှင့် တာဝန်စိတ်သည် တရုတ်နိုင်ငံပြည်သူများအတွက်ချမ်းသာသာယာမှုကိုရှာဖွေခြင်း၊ တရုတ်လူမျိုးစည်ပင်သာယာဝပြောရေးအောင်မြင်မှု ပြန်လည်ထူထောင်ရရှိခြင်း စသည်တို့ဖြစ်ပေသည်။ အဆိုပါမူရင်းစိတ်နှင့်တာဝန်စိတ်မှာ လုံးဝပြောင်းလဲမှုမရှိပါ။ ယင်းသည်တရုတ်ကွန်မြူနစ်ပါတီစဉ်ဆက်မပြတ် ခံယူထားသော အတွေးအခေါ်ဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် ပြည်သူများအပေါ် အစွမ်းကုန်လုပ်ဆောင်လိုသည့်စိတ်ကို အမြဲခံယူထားပါသည်။ ရှေ့ဆက်လျှောက်လှမ်းလိုလျှင် လျှောက်လှမ်းခဲ့သည့်လမ်းကို မမေ့သင့်ပေ။ မည်သို့ဝေးကွာစွာလျှောက်လှမ်းသွားသည်ဖြစ်စေ မည်သို့တောက်ပသော အနာဂတ်သို့ လျှောက်လှမ်းရောက်သည်ဖြစ်စေ မူရင်းကလျှောက်ခဲ့သော အတိတ်ကာလကို မမေ့သင့်ပေ။ အဘယ်ကြောင့်ထွက်ခွာရသည်ကို မမေ့သင့်ပေ။

တရုတ်ကွန်မြူနစ်ပါတီသည် မည်သည့်နေရာမှ စတင်ထွက်ခွာသနည်း။ အဘယ်ကြောင့် ထွက်ခွာရသနည်း။ (၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာညီလာခံပိတ်ပွဲပြီး အချိန်တစ်ပတ်တာကာလအတွင်း ရှီကျင့်ဖျင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုအစိုးရရုံးအမြဲတမ်းပါတီကော်မတီကိုဦးဆောင်ပြီး ရှန်ဟဲနှင့်ကျဲကျန်းကျားရှင်းသို့ သွားရောက်ခဲ့သည်။ ရှန်ဟဲတရုတ်ကွန်မြူနစ်ပါတီ ပထမအကြိမ် အစည်းအဝေးခမ်းမနေရာနှင့် ကျဲကျန်းကျားရှင်းနန်ဟူသင်္ဘောနီသို့ သွားရောက်ပြီး မူရင်းစိတ်ကို ပြန်လည်ရှာဖွေသည်။ ပါတီတည်ထောင်သမိုင်းကိုပြန်လည်လေ့လာကြကာ ပါတီဝင်ကတိစကားကို ပြန်လည်နွှေးမြင်ခဲ့ပြီး ပါတီဗဟိုခေါင်းဆောင်အသစ်၏ ခိုင်မာသောနိုင်ငံရေးအတွေးအခေါ်ကို ကြော်ငြာထုတ်ပြန်ခဲ့သည်။ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာအဆုံးမရှိပါ။ တရုတ်ကွန်မြူနစ်ပါတီဝင်၏မူရင်းစိတ်မှာ အပြောင်းအလဲမရှိစေရဟု သူကပြောသည်။

မူရင်းစိတ်နှင့် တာဝန်စိတ်သည် နက်ရှိုင်းသော သမိုင်းကြောင်းနောက်ခံရှိသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ အကောင်အထည်လုပ်ဆောင်ချက်အားလုံးနှင့် သမိုင်းလမ်းကြောင်းအားလုံးပါဝင်သည်။ (၉၆)နှစ်အတွင်း ပါတီခေါင်းဆောင်များ၏တော်လှန်ရေး၊ ဆောက်လုပ်ရေး၊ ပြုပြင်ပြောင်းလဲရေးအကောင်အထည်ဖော်မှုသည် တစ်ခုပြီးတစ်ခုကြိုးစားရုန်းကန်သည့် သမိုင်းဖြစ်စဉ်ဖြစ်ပါသည်။ နိုင်ငံကယ်ဆယ်ရေး၊ နိုင်ငံကြီးမားရေး၊ နိုင်ငံချမ်းသာရေးလုပ်ဆောင်ပြီး တရုတ်နိုင်ငံအမျိုးသားများပြန်လည်ထူထောင်သည့်လုပ်ငန်းကို ဖြစ်မြောက်စေသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထိုနည်းတူ တရုတ်နိုင်ငံအမျိုးသားနှစ်ပေါင်း(၅၀၀၀)ရှိသော ယဉ်ကျေးမှုသမိုင်း၊ တရုတ်နိုင်ငံပြည်သူယခုခေတ်အတွင်းနှစ်ပေါင်း(၁၇၀)ရှိသော စစ်ပွဲတိုက်ဖျက်ရေးသမိုင်း၊ တရုတ်ကွန်မြူနစ်ပါတီနှစ်ပေါင်း(၉၀)ကျော်ရှိသော ကြိုးစားရုန်းကန်ခြင်းသမိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပေါင်း(၆၀)ကျော်ရှိသောဖွံ့ဖြိုးတိုးတက်သမိုင်း၊ ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်သည့် နှစ်ပေါင်း(၄၀)ခန့်ရှိသော စူးစမ်းလေ့လာရေးသမိုင်း စသည့်သမိုင်းများသည် တစ်ကြောတည်း ဆက်ခံလာခြင်းဖြစ်သည်။ ခွဲခွာ၍မရပေ။

တရုတ်နိုင်ငံကွန်မြူနစ်ပါတီသည် မူရင်းစိတ်နှင့်တာဝန်စိတ်ကို စဉ်ဆက်မပြတ်ဆက်ခံ လုပ်ဆောင်နေသည်။ ၁၈၄၀ပြည့်နှစ်မှစခဲ့သော တရုတ်နိုင်ငံအမျိုးသားစစ်ပွဲတိုက်ဖျက်ရေး သမိုင်းကိုဆက်ပြီးအထက်တွင် တရုတ်အမျိုးသားနှစ်ပေါင်း(၅၀၀၀)ကျော်ရှိသော ယဉ်ကျေးမှုသမိုင်းကို ဆက်ခံထားသည်။ တရုတ်နိုင်ငံ ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒ ယဉ်ကျေးမှုသည်လည်း တရုတ်အမျိုးသား နှစ်ပေါင်း(၅၀၀၀)ကျော်ရှိသော ယဉ်ကျေးမှုသမိုင်းမှ မွေးထုတ်ထားသည့် တရုတ်အမျိုးသားထူးချွန်ယဉ်ကျေးမှုမှ ဆင်းတက်လာခြင်းဖြစ်သည်။ ပါတီခေါင်းဆောင်နှင့်ပြည်သူများကိုတော်လှန်ရေး၊ ဆောက်လုပ်ရေး၊ ပြုပြင်ပြောင်းလဲရေးအတွင်း တော်လှန်ရေးယဉ်ကျေးမှုနှင့် ဆိုရှယ်လစ်ဝါဒရှေ့ဆောင်ယဉ်ကျေးမှုကို တည်ထောင်သည့်အတွင်းရောပါပြီး တရုတ်နိုင်ငံထူးခြားဆိုရှယ်လစ်ဝါဒ အကောင်အထည်ဖော်သည့်အပေါ်မှာ အခြေစိုက်သည်။

မတူသော သမိုင်းကြောင်းကာလတွင် တရုတ်ကွန်မြူနစ်ပါတီသည် မူရင်းစိတ်ဖြင့် စဉ်ဆက်လုပ်ဆောင်နေလျက်ရှိပါသည်။ တရုတ်နိုင်ငံသစ်တည်ထောင်စဉ်အချိန်ကစပြီး လုပ်ဆောင်လာသည့် အကောင်အထည်ဖော်ဆောင်ချက်များဖြင့်သာဓကပြုသော် ယခုအချိန်ကာလသည် တရုတ်ကွန်မြူနစ်ပါတီက ပြည်သူများကို ဆိုရှယ်လစ်ဝါဒဆောက်လုပ်ရန် ဦးဆောင်နေသည်။ ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်ခြင်းမလုပ်မီနှင့် ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်ပြီးသည့် သမိုင်းအချိန်ကာလနှစ်ခုရှိသည်။ ယင်းနှစ်ခုသည် အချင်းချင်းချိတ်ဆက်သော်လည်း ကွဲခြားမှုများစွာရှိသည့် အချိန်ကာလဖြစ်သည်။ သို့သော်မူလအရင်းမှာ တရုတ်ကွန်မြူနစ်ပါတီမှ ပြည်သူကိုဆိုရှယ်လစ်ဝါဒဆောက်လုပ်ရန် ဦးဆောင်သည့် စူးစမ်းအကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ယင်းကာလနှစ်ခုတွင် တရုတ်ကွန်မြူနစ်ပါတီသည် မူရင်းစိတ်ဖြင့် ခိုင်မြဲလုပ်ဆောင်နေပါသည်။ ပြုပြင်ပြောင်းလဲပြီးနောက်သမိုင်းကာလဖြင့် ပြုပြင်ပြောင်းလဲမှုမပြုမီသမိုင်းကာလကို လုံးဝငြင်းဆန်၍မရပေ။ ပြုပြင်ပြောင်းလဲမှုမပြုမီသမိုင်းကာလဖြင့် ပြုပြင်ပြောင်းလဲပြီးနောက်ရှိသောသမိုင်းကာလကို လုံးဝငြင်းဆန်၍မရနိုင်ပါ။

ကျုံးနန်ဟိုင်းရှင်းဟွာမိန် တံခါးအတွင်းတွင် “ပြည်သူအတွက်ဝန်ဆောင်မှုပေး”ဟူသော ရွှေဝါရောင်စာလုံးကြီးရေးသားထားသည်။ မူရင်းစိတ်ကို မမေ့မှသာ ကောင်းစွာပြီးဆုံးနိုင်မည်။ မည်သို့ခက်ခဲမှုများကို ကြုံတွေ့ခဲ့သည်ဖြစ်စေ မည်သို့ကြီးမားတောက်ပမှုများ ရရှိခဲ့သည်ဖြစ်စေ တရုတ်ကွန်မြူနစ်ပါတီသည်-တရုတ်ပြည်သူများအတွက် ချမ်းသာသာယာမှုကိုရှာဖွေပေးခြင်း၊ တရုတ်အမျိုးသား စည်ပင်သာယာဝပြောရေးအောင်မြင်မှုပြန်လည်ထူထောင်ရရှိ ရေးကိုရှာဖွေပေးခြင်းကို ထိရောက်စွာမှတ်သားထားပါသည်။ မူရင်းစိတ်မမေ့မှသာ သမိုင်းကိုဖြေသိမ့်၊ ရှေးလူများနှစ်သိမ့်နိုင်မည်။ ပြည်သူ့စိတ်ကိုအောင်မြင်၊ ခေတ်သစ်ကိုအောင်မြင်ပြီး ကောင်းရာပြုကောင်းကျိုးနိုင်ကာရှေ့ဆက်လျှောက်လှမ်းနိုင်မည်ဖြစ်ပေသည်။

ကျန်းချိန်(စာရေးဆရာသည်တရုတ်ဗဟိုပါတီကျောင်း စာပေသမိုင်းဌာနမှ ပညာရှင်ဖြစ်သည်။)

“ငွေကြေးစီးပွားရေး”

# ယူနန်စွမ်းအင်ရင်းနှီးမှုအုပ်စုမှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ စီမံကိန်း အထူးအမေရိကန်ဒေါ်လာချေးငွေကို သတ်မှတ်ထုတ်ပြန်ခဲ့

ယခုရက်ပိုင်း ယူနန်စွမ်းအင်ရင်းနှီးမှုအုပ်စုသည် နိုင်ငံတကာငွေရင်းဈေးကွက်တွင် ပြည်ပတတိယအကြိမ် အမေရိကန်ဒေါ်လာချေးငွေကို အောင်မြင်စွာ ဈေးနှုန်းသတ်မှတ်ထုတ်ပြန်ခဲ့သည်။ ဆိုလိုသည်မှာ “(၃)နှစ်+(၅)နှစ်” စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း(၆၀၀) အဆင့်မြင့်ပေါင်နှံခြင်းမရှိ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”စီမံကိန်း အထူးချေးငွေဖြစ်ပါသည်။ (၃)နှစ်နှင့်(၅)နှစ်အတိုးနှုန်းမှာ (၃. ၇၅%)နှင့် (၄. ၂၅%)အသီးသီးဖြစ်ပါသည်။

ယခုအကြိမ်ထုတ်ပြန်ချက်ကို စွမ်းအင်ရင်းနှီးမှုအုပ်စုမှပိုင်ဆိုင်သော ဟောင်ကောင်ကုမ္ပဏီမှ အာမခံထောက်ပံ့၊ စွမ်းအင်ရင်းနှီးမှုအုပ်စုမှ သက်ဆိုင်ရာသဘောတူစာချုပ်နှင့် အစုရှယ်ယာအာဏာပြန်လည်ဝယ်ယူရေးနှင့် ရင်းနှီးရေးကို ကောင်းစွာထိန်းသိမ်းခြင်းနှင့် ယုံကြည်ချက် အာမခံဖွဲ့စည်းမှုကိုအာမခံကတိပြုခြင်း လုပ်ဆောင်ထားသည်။ Fitch Ratingsမှ ယူနန်စွမ်းအင်ရင်းနှီးမှုငွေချေးချက်ကို အဆင့်BBBအဖြစ် သတ်မှတ်ပေးခဲ့သည်။ အလားအလာတည်ငြိမ်ပြီး Citibank၊ HSBC၊ Bank of China နိုင်ငံတကာမှ ပူးတွဲကမ္ဘာ့ညှိနှိုင်းသူအဖြစ် ထမ်းဆောင်ထားသည်။ ထုတ်ပြန်မှုကို ကမ္ဘာပေါ်တွင် အကြီးဆုံးသော Bond Asset Management Company၊ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ငွေကြေးအရင်းအုပ်ချုပ်ရေးကုမ္ပဏီနှင့် Sovereign fundsအပါအဝင် နိုင်ငံတကာတွင် အဆင့်မြင့်အရည်အသွေးမြင့် ရင်းနှီးသူများမှ အားပေးထောက်ခံမှုများရရှိခဲ့သည်။ တစ်ကမ္ဘာလုံးကျွမ်းကျင်ရင်းနှီးမှုအဖွဲ့အစည်းပေါင်း(၂၂၅)ခုမှ အမေရိကန်ဒေါ်လာသန်းပေါင်း(၆၅၀၀)ကျော်ရှိသောအော်ဒါကို စုစုပေါင်းရရှိနိုင်ခဲ့သည်။ Oversubscribed နှုန်းမှာ(၁၁)ဆရှိသည်။ အော်ဒါထဲတွင် ဥရောပအမေရိက တိုက်မှရင်းနှီးသူသည် (၂၀%)ကျော်ရှိသည်။



ယခုအကြိမ်ထုတ် ပြန်စုစောင်းသော အထူးငွေကြေးကိုစွမ်းအင်ရင်းနှီးမှုအုပ်စုပြည်ပ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းအတွင်းသို့အသုံးပြုမည်ဖြစ်သည်။ (၂)နှစ်အတွင်းစွမ်းအင်ရင်းနှီးအုပ်စုသည် ပြည်ပအမေရိကန်ဒေါ်လာချေးငွေပမာဏ ဘီလီယံ(၁. ၃၄) ကို အောင်မြင်စွာအတိုးချေထုတ်ပြန်နိုင်ခဲ့ကြောင်းသိရသည်။ ယူနန်လုပ်ငန်း၏ ပြည်ပဈေးကွက် ငွေကြေးရောစပ်သည့် လမ်းကြောင်းကို အင်အားရှိစွာတိုးချဲ့နိုင်ခဲ့သည်။

သတင်းထောက် လောယုံချန်